ဆုဆုလင်းရှိန်
(နည်းပညာတက္ကသိုလ်)

# ဒေဝီရဲ့
# သွေး
# ကလဲ့စား

## ချယ်ရီဝိုင်

ကျွန်မဘဝရဲ့ခါးသီးမှုတွေ၊ အဖုအထစ်တွေက ကြက်ဟင်းခါးသီးလိုမျိုး။ ဒါပေမဲ့ မတူတာက ကြက်ဟင်းခါးသီးက သူ့ရဲ့အဖုအထစ်တွေကို အခွံအဖြစ် ခြစ်ချလို့ရပေမဲ့ ကျွန်မဘဝရဲ့ အဖုအထစ်တွေကို ကျွန်မ ဘယ်လိုမှ ခြစ်ချလို့မရခဲ့ပါ။ ကျွန်မဘဝရဲ့ခါးသီးမှုတွေက ကျွန်မ ၁၈ တန်းအောင်ပြီး ဖေဖေဆုံးသည့်နှစ်မှာ စတင်ခဲ့တာပေါ့။

***

## မိုးသားလိပ်ပြာ

မောင်လေးဆိုတဲ့ လမင်းလေးကို ဟိုးငယ်ငယ်ထဲက ခုလို ထိန်လင်းလာအောင် ကျွန်မရဲ့ လက်တွေနဲ့ ပြုစုလာခဲ့တာပါ။ ခုချိန်မှာ လမင်းကြီးက သူ့ရဲ့ မိသားစုနဲ့ ကောင်းကင်မှာ ထိန်ထိန်လင်းနေပါပြီ။ ကျွန်မဟာ လမင်းကြီးကို မပိုင်ဆိုင်ရပေမဲ့ သူ့ရဲ့ထိန်းလင်းမှု၊ လင်းလက်မှု ပျော်ရွှင်မှုတွေကို ဘေးကနေကြည့်ပြီး ကျေနပ် ပျော်ရွှင်နေမယ့် ကြယ်တာရာလေးပါ။

***

## မေဖူးငုံ

ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းမသိ၊ ဘယ်လိုရုပ်ရည်လဲ မသိ၊ ဘယ်လိုအဆင့်အတန်းလဲ မသိတဲ့ လူတစ်ယောက်ကို စိတ်ဝင်စားနေမိတာ၊ သူ့ရဲ့

လုပ်ရပ်တွေကို သိချင်နေမိတာ၊ မက်မောနေမိတာ၊ တောင့်တနေမိတာက ကျွန်မ လွန်နေတာလား ကျွန်မ မသိတော့ပါ။

***

တိတ်ဆိတ်ငြိမ်သက်နေတဲ့ ညတစ်ည။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အိမ်တစ်အိမ်။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းတစ်ခန်း။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ ခုတင်တစ်လုံးပေါ်မှာ ...

တိတ်ဆိတ်ပြီး ဆောက်တည်ရာမရဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်။ သူမရဲ့ဆံပင်တွေက ပါးပြင်ပေါ်ကို ဖရိုဖရဲ ဝဲကျနေသည်၊ သူမရဲ့မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေနဲ့။ နာကျင်မှုတွေနဲ့ ဝမ်းနည်းမှုတွေနဲ့။ တဆတ်ဆတ်တုန်ရီနေတဲ့ နှုတ်ခမ်းတစ်စုံကို ဖိပြီး ကိုက်နေတာ ပြတ်ထွက်လုမတတ်။

သူမရဲ့လက်တစ်စုံက ဓားတစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သူမရဲ့ မျက်လုံးထဲမှာ နာကျင်မှုတွေ ပြည့်နှက်နေသည်၊ သူမရဲ့စိတ်တွေက ခုအချိန်မှာ အရမ်းကို မာကျောနေသည်၊ သူမ မဲ့ပြုံး ပြုံးလိုက်သည်။ ထိုအပြုံးထဲမှာ နာကျင်မှု၊ နာကြည်းမှုတွေ ရှိနေတာကတော့ ပြောစရာ မလိုပေ။ သူမရဲ့ ဓားကိုင်ထားတဲ့ လက်တွေက တဖြည်းဖြည်း မြင့်တက်သွားသည်။ သူမရဲ့ ရှေ့မှာရှိတဲ့အရာကို ......

"ကဲဟာ ... ကဲဟာ ... ယုတ်မာဦး"

သူမရဲ့အသံနဲ့အတူ သူမရဲ့ရှေ့မှာရှိတဲ့အရာကို ဓားဖြင့် ထိုးနှက်နေသည်။

"ကဲဟာ ... ကဲဟာ ... စော်ကားဦး"

သူမရဲ့နာကြည်းမှုတွေက အဲဒီလောက်နဲ့ ရပ်မသွား ပိုပိုပြီး နာကျင်လာ

သည့်နှယ် ထိုးနှက်မှုတွေက ပိုပိုပြီး ကြောက်ဖို့ကောင်းလာသည်။

***

## မရဏ ပုံရိပ်

ကြီးကျယ်လှတဲ့ အိမ်ကြီးတစ်အိမ်ရဲ့ အခန်းတစ်ခန်းထဲမှာ လူတွေ အများကြီး ရှုပ်ယှက်ခတ်နေသည်။ ဓာတ်ပုံတွေ တဖျတ်ဖျတ် ရိုက်နေကြသည်။ ခုတင်ပေါ်မှ အသက်မဲ့နေတဲ့ ခန္ဓာကိုယ် ရုပ်အလောင်းကြီးကို တဖျတ်ဖျတ်နဲ့ ဓာတ်ပုံတွေ ရိုက်ယူနေကြပြီး ရဲတွေကလည်း အခန်းထဲမှာ ခြေချင်းလိမ်နေသည်။

ရဲတွေ၊ အရာရှိတွေနဲ့ ရုပ်ကွက်လူကြီးတွေ ဘေးနားမှာ ညှိုးငယ်စွာနဲ့ ရပ်နေတဲ့ အမျိုးသမီးကြီး တစ်ဦး။ ထိုအမျိုးသမီးရဲ့ မျက်လုံးတွေက အရမ်းကို ဝမ်းနည်းနေပြီး ထိတ်လန့်နေသည်။ ရဲတွေထဲမှာ အရာရှိဖြစ်ဟန်တူသည့် ပုဂ္ဂိုလ်က အမျိုးသမီးကြီးနား သွားပြီးတော့ စတင်ပြီး မေးမြန်းတော့သည်။

"ခင်ဗျား နာမည်က ..."

"ကျွန်မ နာမည်က မညိုရိပ်ပါ၊ ဒေါ်ညိုလို့ ခေါ်ကြပါတယ် ဆရာ"

"ခင်ဗျား ဒီအိမ်မှာ အလုပ်လုပ်တာ ကြာပြီလား"

"ဟုတ်ကဲ့ ၁၀ နှစ်လောက် ရှိပါပြီဆရာ"

ထိုအမျိုးသမီးရဲ့အသံက တုန်တုန်ယင်ယင်ဖြစ်ပြီး ကြောက်လန့်နေသည်။

"သေဆုံးသူရဲ့ မိသားစုရော" အမျိုးသမီးကြီးက အရမ်းကို ကြောက်လန့်နေသည်။

"အလုပ် ... အလုပ်ကိစ္စနဲ့ နယ်ဘက်ကို ရောက် ... ရောက်နေပါတယ်

ဆရာ ..."

"အသံတုန်တုန်ယင်ယင်နဲ့ ပြန်ဖြေနေသည်။ ရဲအရာရှိကလည်း ရိပ်မိသည့်ပုံစံပင်။

"ကျွန်တော်တို့ကို မကြောက်မရွံ့ဘဲ အမှန်အတိုင်း ဖြေပေးပါ။ အမှန်တရားကို သိမှ တရားခံကို အမြန်ဆုံး ဖမ်းမိမှာမို့လို့ပါ"

ရဲအရာရှိရဲ့ စကားကြောင့် အမျိုးသမီးက

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်မ မလိမ်ပါဘူး အမှန်အတိုင်း ပြောတာပါ"

"အိမ်သားတွေက ဘာလို့ တစ်ယောက်မှ မရှိကြတာလဲ၊ နောက်ပြီး..."

***

ကြီးမားလှတဲ့ အိမ်ကြီးတစ်အိမ်ရဲ့ ဧည့်ခန်းထဲမှာ အကောင်းဆုံး၊ အထည်ဝါဆုံး ကျွန်းထည် ပစ္စည်းတွေကိုပဲ သုံးထားတာ။ အသုံးအဆောင်၊ လူထိုင်သည့် ဧည့်ခုံကြီးများ။ ဧည့်ခန်းထဲမှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို ကြည့်ခြင်းဖြင့် ဒီအိမ်ကြီးရဲ့ ချမ်းသာ ကြွယ်ဝမှုကို သိရှိနိုင်ပါသည်။

ကျွန်းသားတွေနဲ့ ပြုလုပ်ထားတဲ့ ထိုင်ခုံကြီးပေါ်မှာ ထိုင်နေတာ လူ ၃ ယောက်၊ အသက်ကြီးကြီး လူကြီးတစ်ယောက်။ အသက် ၂၀ ဝန်းကျင် ကောင်လေးနဲ့ ကောင်မလေးတစ်ယောက်။ ကောင်မလေးက စိတ်ဆိုးနေပြီး အသက်ကြီးကြီး လူကြီးကို ကြည့်နေသည်။ ကောင်လေးကတော့ ဘာကိုမှ ဂရုမစိုက်သလို phone ပွတ်နေသည်။ ထိုကဲ့သို့ အနေအထားကို စတင်ပြီး ဖြိုခွဲလိုက်တာကတော့ စိတ်ဆိုးနေတဲ့ ကောင်မလေးပေါ့။

"အဖေ မရှက်ပေမဲ့ သမီးရှက်တယ်"

ကျွန်မ ပြောလိုက်သည့်စကားကို အဖေက ခပ်ပြုံးပြုံးပဲ နားထောင်နေသည်။ ကျွန်မ ဒီလောက် စိတ်ဆိုးနေတာတောင် အဖေ့ပုံစံက အေးဆေး

နိုင်လွှန်းလှသည်။ အေးပေါ့။ အဖေက ဒီကိစ္စတွေကတော့ သူ့အတွက် ထမင်းစားရေသောက်လို ဖြစ်နေပြီ။ ဒါပေမဲ့ ကျွန်မအတွက်တော့ အရမ်း စိတ်ဆင်းရဲရတယ်၊ နိုင်ငံကျော် အဆိုတော်တစ်ယောက်ရဲ့အဖေ၊ နာမည်ကြီးတစ်ယောက်ရဲ့အဖေ ဖြစ်နေပြီးတော့ ခုလိုတွေ လုပ်နေတာ ကျွန်မအတွက်တော့ အရမ်း စိတ်ညစ်ဖို့ကောင်းသည်။ နေရာတိုင်းမှာ ကျွန်မ ပရိသတ်တွေ ရှိသည်။ ကျွန်မ လုပ်ဖော်ကိုင်ဖက် အသိမိတ်ဆွေတွေ လည်း ရှိသည်။ ကျွန်မ အဖေ့ကို စိတ်ဆိုးတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ ကြည့်လိုက်သည်။

"ဘာရယ်နေတာလဲ၊ သမီး အရမ်းစိတ်ညစ်လာပြီ၊ အဖေရာ"

"သမီးရယ်၊ ဒီကိစ္စက ခုမှ မဟုတ်ဘူး၊ ဟိုး အရင်ထဲက အဖေ ကောင်မလေးတွေ ထားတာ သမီးလည်း သိရဲ့သားနဲ့"

ကျွန်မ စိတ်ညစ်သွားသည်။ ကြည့်ရတာ ပြောလို့ရမည့်ပုံမပေါ်။ ကျွန်မ ဘေးနားမှာ သူနဲ့ မဆိုင်သလို ဖုန်းပွတ်နေတဲ့ မောင်လေးကို ကြည့်ပြီး စိတိ တိုတိုနဲ့ ထုလိုက်သည်။

"ဟဲ့ ကောင်းကင်၊ ပြောဦးလေ၊ နင်ပဲ မနေ့ကတော့ အဖေ့ကို ကြည့်ပြော ပါဦး မမရယ်ဆို"

ကျွန်မ ပြောလိုက်တော့ မောင်လေးက ဖုန်းပွတ်နေရာမှ နင်ပဲ ပြော လိုက်ပါ မမရယ်ဆိုသည့် ပုံစံမျိုး လုပ်ပြသည်။ ကျွန်မ စိတ်တော်တော် တို သွားသည်။ မနေ့ကတော့ ကျွန်မကို လာပြီး အပူလာကပ်သည်။ ဖေဖေ့ကို ထိန်းဦးဆိုပြီး လာပြောသည်။ ခု ထိပ်တိုက်ပြောတော့ကျတော့ သူနဲ့ မဆိုင် သလို လုပ်နေသည်။

"အဖေ့သားက မနေ့က သမီးကို လာပြောတယ်၊ အဖေ့ကို ကောင်မလေး ငယ်ငယ်လေး တစ်ယောက်နဲ့ တွေ့လိုက်လို့တဲ့၊ အဲဒါ ထိန်းပေးဖို့ ပြောနေ

တာ ခုကျတော့ သူမဟုတ်တဲ့ အတိုင်းပဲ အဖေ" ကျွန်မလည်း ပြောချလိုက်သည်။

"သား မင်းမမ ပြောတာ ဟုတ်လား"

အဖေ့ရဲ့အမေးကြောင့် မောင်လေးလည်း ဖုန်းပွတ်ရာမှ ဖုန်းကို ချပြီး ဝင်ပြောတော့သည်။

"ဟုတ်တယ် ဖေဖေ၊ ဟိုနေ့က သူငယ်ချင်းတွေနဲ့ shopping mall သွားတော့ အဖေနဲ့ ကောင်မလေး ငယ်ငယ်လေးနဲ့ တွဲသွားတာ တွေ့လိုက်တယ်၊ သားသူငယ်ချင်းတွေဆိုရင် ပြောလိုက်တာ ပြောမနေနဲ့၊ သားရှေ့မှာတောင် ဒီလောက်ပြောနေတာ၊ သားကွယ်ရာမှာဆို ဘယ်လောက်တောင် ပြောနေမလဲ မသိဘူး အဖေရာ၊ သားရှက်တယ်၊ နောက်ပြီး မမကိုလည်း မကျေနပ်ဘူး"

ဗုဒ္ဓေါ ကျွန်မဘက်ကို မြားဦးက လှည့်လာသေးတယ်။

"ဟဲ့ ကောင်းကင်၊ ငါက ဘာလုပ်နေလို့ ငါ့ကို မကျေနပ်ရတာလဲ"

ကျွန်မပြောလိုက်တော့ ကောင်းကင်က မျက်နှာလေးကို မဲ့ရွဲ့ပြီး

"ကျွန်တော်က သင်္ဘောတက်နေတာလေ၊ မမက ဒီမှာ အဖေနဲ့နေနေတာ၊ မမထိန်းရမှာပေါ့။ မမက မထိန်းတော့"

"အမလေး ကောင်းကင်ရဲ့ ငါ့လောက်ပြောတာ ငါပဲရှိတယ်၊ အဖေက နိုင်ကို မနိုင်တော၊ မယုံရင် နင်သာ ပြောကြည့်လိုက်တော့"

ကျွန်မ သားအဖ နှစ်ယောက်လုံးကို ထားပြီးတော့ ဧည့်ခန်းထဲမှ ထွက်လာလိုက်သည်၊ ကျွန်မ သူတို့သားအဖနှစ်ယောက် ပြောနေတဲ့စကားတွေကို ထပ်မံကြားလိုက်ရတာက

"အဖေ၊ သား တောင်းပန်ပါတယ်နော်။ သားသူငယ်ချင်းတွေကြားမှာ ရှက်

လို့ပါ"

မောင်းလေးရဲ့အသံက နားချနေသည့်ပုံစံပင်။ အဖေကတော့ ဘာပြော လိုက်သလဲ မမေးနဲ့ သူ့ရဲ့ ဓာတ်ပြားဟောင်းကြီး အတိုင်းပဲပေ့ါ။

"သားရယ်၊ မင်းသူငယ်ချင်းတွေပြောတာ အဖေ့ကို မနာလိုလို့ပေ့ါကွ။ သား မှတ်ထား လူတစ်ယောက်ကို မနာလိုဖြစ်မှ အတင်းဆိုတာ ပြောကြ တာ"

ကျွန်မ အဖေ့စကားကြားတော့ ခပ်ရေးရေးလေး ပြုံးလိုက်သည်။ ဒါ အဖေ့ ရဲ့ ဓာတ်ပြားဟောင်းပဲလေ။ ကျွန်မ မောင်လေးဆီကလည်း ဘာအသံမှ မ ကြားရတော့။ ကျွန်မလိုပဲ ဘာမှ မပြောချင်တော့ဘူးနဲ့ တူပါတယ်။ ကျွန်မ လည်း အပေါ်ထပ်က ကျွန်မအခန်းထဲကို တက်လာလိုက်သည်။

***

ကျွန်မ အခန်းထဲကို ဝင်လိုက်သည်နှင့် ကျွန်မရဲ့မျက်လုံးတို့က စားပွဲပေါ်ရှိ ဓာတ်ပုံလေးကို ရောက်သွားသည်။ ကျွန်မ ဓာတ်ပုံလေးကို ယူလိုက်သည်။ ဓာတ်ပုံထဲက ကလေးလေး နှစ်ယောက်။ အရမ်းကို ချစ်ဖို့ကောင်းတဲ့ မောင်နှမနှစ်ယောက်ရဲ့ပုံဆို ပိုမှန်လိမ့်မည်။ ကျွန်မတို့ ငယ်ငယ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံလေးပေ့ါ။

ကျွန်မ မောင်လေးကို အရမ်းချစ်တယ်။ မောင်လေး မွေးပြီးတော့ မေမေ ဆုံးသွားတယ်။ ထို့ကြောင့် ကျွန်မနဲ့ အဖေက မောင်လေးအပေါ်မှာ အမိမဲ့သားလေးဆိုပြီး ပိုပြီး ဂရုစိုက်ကြသည်။ မောင်လေး ငယ်ငယ်လေးထဲ က အမေ မရှိတော့ ကျွန်မကပဲ အမေလို ပြုစုခဲ့ရသည်။ ကျွန်မက မောင် လေးအတွက်တော့ မိခင်နဲ့တူတဲ့အစ်မပေ့ါ။ ကျွန်မ ဓာတ်ပုံလေးကို ကြည့် ပြီး ငယ်ငယ်တုန်းက ပုံရိပ်လေးတွေက ကျွန်မရဲ့ မျက်လုံးထဲမှာ ပုံပေါ်လာ သည်။

***

"အဖေရယ် မောင်လေးကလည်း ကြောလိုက်တာ"

ကျွန်မ အောင်စာရင်း သွားဖြေတဲ့ မောင်လေးကို စောင့်နေရတာ ရင်မောလှပြီ။ မောင်လေးကတော့ ဖြေနိုင်တယ် ပြောတာပဲ၊ ဒါပေမဲ့ ကျွန်မကြောက်တယ်။ ကျွန်မကသာ ကြောက်ပြီး ကတုန်ကယင် ဖြစ်နေတာ အဖေကတော့ လုံးဝကို တည်ငြိမ်စွာနဲ့ စာအုပ်ပဲ ဖတ်နေသည်။ အဖေက သူ့စီးပွားရေး သူ့အလုပ်နဲ့ သူ့ရဲ့အပျော်ကောင်မလေးတွေကိုပဲ ခေါင်းထဲမှာရှိတယ်၊ ကျွန်မတို့ မောင်နှမဆို အဖေက ခေါင်းထဲမှာ မထည့်။

"အဖေ၊ အစ်မရေ"

ကျွန်မ အသံပြဲကြီးနဲ့ ခြံထဲဝင်လာတဲ့ မောင်လေးပုံစံကို ကြည့်ပြီး ကျွန်မပျော်လိုက်တာ ပြောမနေပါနဲ့။

"အဖေ၊ အဖေ့သားပုံစံကြည့်ရတာ ပျော်လာတဲ့ပုံစံပဲ"

ကျွန်မပြောလိုက်တော့ အဖေက ကျွန်မကို သူဖတ်နေတဲ့ စာအုပ်လောက်တောင် စိတ်မဝင်စားသလိုပင်။ ကျွန်မ မောင်လေးကို တွေ့တော့

"မောင်လေး ဘာတဲ့လဲ"

ကျွန်မ မေးလိုက်တော့ မောင်လေးက လက် ၅ ချောင်း ထောင်ပြသည်။ ဒါဆို မောင်လေးက ၅ ဘာသာတောင် ပါတာပေါ့။ ကျွန်မရင်ထဲမှာ ပျော်ရွှင်မှုလိုင်းတွေ ဖြတ်စီးသွားသည်။ ကျွန်မ ပျော်လွန်းလို့ မျက်ရည်တွေတောင် ကျနေမိသည်။ မောင်လေးကို ပြေးဖက်ပြီး မျက်ရည်တွေ ကျနေတာ။ ဒါပေမဲ့ ဝမ်းသာလို့ကျတဲ့ မျက်ရည်တွေပါလေ။

"မောင်လေးရယ်၊ မမ ဝမ်းသာလိုက်တာ၊ မမ ဝမ်းသာလိုက်တာ"

ကျွန်မ မောင်လေးကို ဖက်ပြီး အားရအောင် ငိုလိုက်သည်။

"မမရယ်၊ သားက စာမေးပွဲ အောင်တာလေ၊ ကျတာမှ မဟုတ်တာ၊ ဘာလို့ ငိုနေတာလဲ"

"ဝမ်းသာလို့ ငိုတာပေါ့ဟ၊ ဝမ်းသာလို့ပေါ့ မောင်လေးရာ၊ မောင်လေး ငါ ပြိုင်ပွဲမှာ ဆုရတာတောင် ခုလောက်မပျော်ဘူး၊ သိလား မမ အရမ်းပျော် တယ် မောင်လေးရယ်"

ကျွန်မ အဆိုတော် ပြိုင်ပွဲမှာ ဆုရခဲ့တာတောင် ခုလောက် မပျော်ဘူး။ ခု အရမ်းကို ပျော်နေမိသည်။

"မမ ကျွန်တော့်ကို ဘာလက်ဆောင် ပေးမှာလဲ၊ အဖေရော ဘာ လက်ဆောင် ပေးမှာလဲ" မောင်လေးက ကလေးလေး ကျနေတာပဲ ကျွန်မနဲ့ အဖေဆီက လက်ဆောင်တွေ တောင်းနေသည်။

"မောင်လေးအတွက် မမက စီစဉ်ပြီးသား၊ မောင်လေး သူငယ်ချင်းတွေနဲ့ ချောင်းသာ သွားလို့ ရအောင် မမစီစဉ်ထားတယ်"

မောင်လေးက ကျွန်မစကားကြောင့် ပျော်နေလိုက်တာ။ ပြောမနေပါနဲ့။ ကျွန်မ MTV ကိစ္စနဲ့ ချောင်းသာ သွားရတုန်းက လိုက်ချင်နေတဲ့ မောင်လေး ကို မှတ်မိသေးသည်။ အဲဒီတုန်းက စာမေးပွဲ ရှိလို့ လိုက်ချင်ပေမဲ့ မလိုက်ရ တဲ့ မောင်လေးအတွက် ကျွန်မ စီစဉ်ထားတာပေါ့။

"မမ သားသူငယ်ချင်း ဘယ်နှယောက်စာ စီစဉ်လိုက်တာလဲ"

"မောင်လေး သူငယ်ချင်း ၄ ယောက်စာလေ။ မောင်လေး ပေါင်းတာ အဲ့ ၄ ယောက်ပဲ ရှိတာကို"

ကျွန်မ စကားကြောင့် မောင်းလေးက ခေါင်းညိတ်ပြသည်။

ထို့နောက် ကျွန်မ သူလိုချင်တာကို လုပ်ပေးတဲ့အချိန်တိုင်း ကျွန်မရဲ့ပါး လေးကို ဆွဲပြီး ဖွဲ့သည်။ ထို့နောက် သူပြောနေကြစကားက

"မမကို အဲဒါမို့လို့ ချစ်နေရတာ" ကျွန်မကို ပြောပြီး ကပ်ချွဲနေသည်။

"သွား လာချွဲမနေနဲ့၊ ဖိုးချွဲလေး"

ကျွန်မ လာချွဲမနေနဲ့၊ သွားသာ ပြောလိုက်တာ ကျွန်မ ပျော်ပါတယ်၊ ခုလို မောင်လေး လာချွဲနေတာကို ကြည်နူးပါသည်။

***

မောင်လေးက ရေကျောင်းတက္ကသိုလ် တက်ချင်နေသည်။ ကျွန်မကတော့ မတက်စေချင်။ သင်္ဘောသားဆိုတော့ ကျွန်မတို့နဲ့အမြဲ ဝေးဝေးကွာကွာ နေရမှာလေ။ မောင်လေးကို ကျွန်မ မခွဲနိုင်ဘူး။ နောက်ပြီး မောင်လေးကို ကျွန်မ စိတ်မချဘူး။ ပင်လယ်ထဲမှာ တစ်ချိန်လုံး အချိန်ကုန်နေရတဲ့ ကိစ္စမျိုးလည်း မဖြစ်စေချင်ဘူး။ မောင်လေးကို ဟိုးငယ်ငယ်လေးထဲကလည်း မခွဲဖူးဘူး။

"မိုးသားကောင်းကင်၊ ငါ ဒီကိစ္စကို လုံးဝ လက်မခံနိုင်ဘူး"

ကျွန်မစကားကြောင့် မောင်လေးက ထိုင်နေရာမှ ထရပ်လိုက်သည်။

"မမ ခွင့်မပြုလည်း အဖေက ခွင့်ပြုပြီးပြီ။ နောက်ပြီး သား ဘယ်လောက် ဝါသနာပါလဲ မမလည်း သိသားနဲ့၊ ခုလို လိုက်ချုပ်ချယ်နေတာတော့ မကောင်းဘူး မမ"

ကျွန်မ မောင်လေး စကားကြောင့် တော်တော်လေး စိတ်မကောင်းဖြစ်သွားသည်။ မျက်ရည်တွေကလည်း ချက်ချင်း ဝဲတက်လာသည်။ မောင်လေးရယ် ပြောရက်လိုက်တာ မမ ချုပ်ချယ်တာ မဟုတ်ပါဘူး။ မမ မောင်လေးနဲ့ မခွဲနိုင်လို့ပါ မောင်လေးရယ်။ ကျွန်မ မောင်လေးရဲ့ လက်တွေကို လှမ်းဆွဲလိုက်သည်။

"မောင်လေး ... မမက ချုပ်ချယ်ချင်လို့ ပြောနေတာ မဟုတ်ပါဘူး မောင်

လေးရယ်၊ မမ မောင်လေးနဲ့ မခွဲနိုင်လို့ပါ"

ကျွန်မငိုသံပါနဲ့ပြောလိုက်တော့ မောင်လေးက သူပြောတာ လွန်သွားတယ်ဆိုတာ သိသွားသလိုမျိုးပင်။

"မမ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်က အဲဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး"

ကျွန်မ မောင်လေးကို ဘယ်လိုလုပ်ခွဲနိုင်မလဲ။

"မမရယ်၊ ကျွန်တော့်ရဲ့ဆန္ဒကို ဖျက်ဆီးလိုက်ရင် ကျွန်တော် တစ်သက်လုံး ဘယ်လိုလုပ် ပျော်ရွှင်ရတော့မလဲ"

ကျွန်မ မောင်လေးစကားကို စဉ်းစားလိုက်သည်။ မောင်လေးကို အမှန်တကယ် ပျော်ရွှင်စေချင်တာပါ။ မောင်လေး မမ မတားတော့ပါဘူး။ တားလည်း မတားရက်တော့ပါဘူး မောင်လေးရယ်။

"မမ ခွင့်ပြုပါတယ်။ မမ ခွင့်ပြုပါတယ်"

ကျွန်မ စကားကြောင့် မောင်လေးက ကျွန်မကို သူလုပ်နေကျပုံစံအတိုင်း ကျွန်မ ပါးနှစ်ဖက်ကို ဆွဲပြီး သူပြောနေကြ စကားကို ပြောလေသည်။

"အဲဒါကြောင့် မမကို ချစ်နေရတာ"

မောင်လေးရယ်၊ မမလည်း မင်းကို ချစ်ပါတယ်၊ မမမှာ ဟိုးငယ်ငယ်လေးထဲက မင်းကို မိခင်မရှိလို့ မိခင်တစ်ယောက်လို စောင့်ရှောက်လာရတာပါ မောင်လေးရယ်။

***

ဒီနေ့မောင်လေးက ရေကျောင်းတက္ကသိုလ်မှာ ဒုတိယနှစ်ကို အောင်မြင်ခဲ့တယ်။ ကျွန်မရဲ့ အတော်ဆုံး မောင်လေးကို လိုချင်တာတွေရှိတယ်၊ လိုက်ဝယ်ပေးပါလို့ အရမ်းပူဆာနေတာနဲ့ သူလိုချင်တာ ဝယ်ပေးလို့ရအောင်

market တစ်ခုကို ထွက်လာလိုက်တယ်။ ကားပေါ်ကဆင်းပြီး market ထဲကို ဝင်လိုက်သည်နှင့် ပရိသတ်တွေက ဝိုင်းအုံလာသည်။

"ဟယ် ဟိုမှာ အဆိုတော် မိုးသားလိပ်ပြာတော့"

ပရိသတ်တွေရဲ့ အသံတွေနဲ့ ဝိုင်းအုံလာတော့ မောင်လေးက တော်တော်လေး စိတ်ညစ်သွားသည့် ပုံပင်။

"မမ လက်မှတ်ထိုးရဦးမှာမလား၊ ကျွန်တော့်ဘာသာပဲ သွားဝယ်လိုက်တော့မယ်။ ပိုက်ဆံပေး" ကလေးကျနေတာပဲ။ ကျွန်မဆီက ပိုက်ဆံ လက်ဖြန့်တောင်းနေတဲ့ မောင်လေးရဲ့ပုံစံကိုကြည့်ပြီး ကျွန်မ ရယ်ချင်မိသွားသည်။

"ကဲ ရော့၊ သွားတော်မူပါရှင့်။ ပြီးသွားရင် အောက်ထပ်က အအေးဆိုင်ကိုပဲ လာခဲ့လိုက်တော့"

ကျွန်မ ပြောတော့ ခေါင်းညိတ်ပြပြီး ထွက်သွားတဲ့ မောင်လေးကို ကြည့်နေလိုက်သည်။ ဘာပဲပြောပြော မောင်လေး လိုချင်တာကို ကိုယ်တိုင် လိုက်ဝယ်ပေးချင်ပေမဲ့ ကျွန်မတို့ အနုပညာသမားတွေက ပရိသတ်နဲ့ အလုပ်လုပ်နေရတာလေ။ ကျွန်မ သက်ပြင်းရှည်ကြီးကို ချပြီး စိတ်ထဲက အလိုမကျမှုတွေကို ပရိသတ်တွေ မမြင်အောင် ခပ်ပါးပါး အပြုံးတစ်ပွင့် ခြွေလိုက်သည်။ ကျွန်မလည်း လာသမျှလူတွေနဲ့ ဓာတ်ပုံရိုက်ရ၊ လက်မှတ်ထိုးရနှင့် တော်တော်လေး စိတ်အိုက်နေသည်။ ဒါပေမဲ့လည်း အပြုံးမပျက်ပါ။

ကျွန်မ ပရိသတ်ရှင်းတော့ ဆိုင်ရဲ့ထောင့်လေး တစ်နေရာ ဘယ်သူမှ သတိမထားမိတဲ့ နေရာလေးကို ရွေးချယ်ပြီး ထိုင်လိုက်သည်။ မောင်လေး မလာခင် အအေးတစ်ခွက် မှာသောက်နေလိုက်သည်။ သိပ်မကြာခင် မောင်လေး ရောက်လာသည်။ သူ့ဘေးမှာ ကောင်လေးတစ်ယောက်လည်း ပါလာသည်။ ကျွန်မအထင် သူ့ရဲ့သူငယ်ချင်းနေမှာပေါ့လေ။ မောင်လေးက ကျွန်မလည်း

တွေ့ရော မောင်လေးနဲ့ သူ့သူငယ်ချင်းက ကျွန်မရှေ့မှ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ကျွန်မနဲ့ မျက်နှာချင်းဆိုင် အနေအထားပေါ့။

"မမ ဒါ ကျွန်တော့်သူငယ်ချင်း လင်းခန့်တဲ့"

ကျွန်မ မောင်လေး သူငယ်ချင်းကို ပြုံးပြလိုက်သည်။ လင်းခန့်ဆိုတဲ့ ကောင်လေးက ကျွန်မကို ပြုံးပြီး ကြည့်နေသည်။

"ကောင်းကင် .......................... ဒါ အဆိုတော် မိုးသားလိပ်ပြာ မလား"

"ဟုတ်တယ်လေ၊ လင်းခန့်ရဲ့။ ငါ့အစ်မက အဆိုတော်လေ၊ မင်းမသိဘူးလား"

"ငါ ... လုံးဝ မသိဘူး၊ မင်းနဲ့ နာမည်ချင်းတူပေမဲ့ ငါက တိုက်ဆိုင်တယ်ပဲ ထင်နေတာကွ"

"ဘယ်က တိုက်ဆိုင်ရမှာလဲ ငါ့အစ်မအစစ်ပါကွ"

သူတို့ သူငယ်ချင်းတွေ အချင်းချင်းပြောနေရင်း လင်းခန့်ဆိုတဲ့ကောင်လေးက ကျွန်မကို မိတ်ဆက်သည်။ သူ့ကြည့်ရတာ ကျွန်မရဲ့ပရိသတ် ဖြစ်ဖို့များသည်။

"မမ ကျွန်တော့်နာမည် လင်းခန့်ပါ၊ မမရဲ့ပရိသတ်ပါ။ ဒီကောင်ကြီးနဲ့ ရင်းနှီးတာက သိပ်မကြာသေးတော့ မမကို မသိတာပါ။ မမ ကျွန်တော့်ကို လက်မှတ်ထိုးပေးလို့ရမလား"

ကျွန်မ လင်းခန့်ဆိုတဲ့ ကောင်လေးကို ခေါင်းညိတ်ပြလိုက်သည်။ လင်းခန့်က ပျော်ရွှင်စွာနဲ့သူထိုင်နေတဲ့ ထိုင်ခုံကနေထလာပြီး ကျွန်မရဲ့ဘေးကခုံမှာ လာထိုင်သည်။ ကျွန်မ အံ့ဩနေသည်။ မောင်လေးကတော့ မျက်နှာတော်တော် ပျက်သွားသည်။ မောင်လေးက ဟိုးအရင်ထဲက အစ်မကိုဆို အရမ်း သဝန်တိုတတ်တာ။

"မမ ကျွန်တော့်အင်္ကျီမှာ မမလက်မှတ်လေး ထိုးပေးပါလား"

ကျွန်မ စိတ်တွေ တော်တော် ကျဉ်းကျပ်နေပေမဲ့ ပရိသတ်ဆိုတော့လည်း အပြုံးမပျက်ပေ့ါ။

"ok မောင်လေး၊ အစ်မ ထိုးပေးမယ်နော်"

ကျွန်မ ဘောပင်လေးကို ကိုင်ပြီး လက်မှတ် ထိုးပေးလိုက်သည်။

"မမရဲ့ ph no လေးလည်း ပေးပါလား။ ကျွန်တော် သီချင်းတွေနဲ့ပတ်သက်ပြီး မေးချင်လို့ပါ"

ကျွန်မ တော်တော် စိတ်ညစ်သွားသည်။ မောင်လေးကတော့ ပြောတော့မည်။ ကျွန်မလည်း လှပအောင် ငြင်းလိုက်သည်။

"အစ်မကလေ phone ကို အစ်မ manager ကပဲ ကိုင်တာ များတယ်၊ sorry နော် မောင်လေး"

လင်းသန့်က လက်မလျှော့။

"ဒါဆို အစ်မ account ကို အပ်ချင်လို့။ ကျွန်တော်က အစ်မကို အပ်ချင်တာ အစ်မက fri ၅၀၀၀ ပြည့်နေတော့ အပ်လို့မရဘူးရယ်၊ အဲဒါ အစ်မဘက်က လက်ခံပေးမှ ရမှာ"

ကျွန်မ ထိုစကားကိုတော့ ငြင်းရန် အဆင်မပြေ။

"မောင်လေး account လေး ပေးလေ၊ အစ်မ အပ်လိုက်မယ်"

ဒီလိုနဲ့ စကားတွေပြောပြီး ပြန်လာလိုက်သည်။ တစ်လမ်းလုံး စကားတွေများလိုက်တာ၊ account လက်ခံလိုက်သည့်ကိစ္စကို မောင်လေးက တော်တော်လေးကို စိတ်တိုနေသည်။

***